## ဒေါက်တာကျော်ကျော်(အရေပြားအထူးကုဆရာဝန်ကြီး)၏
## ကိုယ်ရေးအကျဉ်း

မန္တလေးဆေးတက္ကသိုလ်မှ MBBS ဘွဲ့ကို ၁၉၇၆ ခုနှစ်တွင် ရရှိပါသည်။ ၎င်းနောက် ချင်းပြည်နယ်၊ မင်းတပ်မြို့တွင် သုံးနှစ်ခွဲကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ဆက်လက်၍ စစ်ကိုင်း၊ မန္တလေး၊ ကျောက်ဆည်ခရိုင် အနာကြီးရောဂါတိုက်ဖျက်ရေးအဖွဲ့များတွင် အဖွဲ့ခေါင်းဆောင်ဆရာဝန်အဖြစ် ၁၉၉၄ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၂ ခုနှစ်တွင် WHO ပံ့ပိုးမှုဖြင့် ထိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှားနိုင်ငံများသို့ သုံးလကြာ လေ့လာရေးခရီး သွားရောက်သည်။ ၁၉၉၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ မန္တလေးပြည်သူ့ဆေးရုံကြီး၊ အထူး အရေပြားဆေးခန်းသို့ တာဝန်ခံဆရာဝန်အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။ တာဝန် ထမ်းဆောင်နေစဉ် WHO ပညာသင်ဆုဖြင့် ထိုင်းနိုင်ငံတွင် အရေပြားပညာ ဆည်းပူးခွင့် ရရှိပြီး Diploma in Dermatology နှင့် Certificate in Dermatopathology စသည့်ဘွဲ့နှင့် လက်မှတ်များရရှိသည်။

၁၉၉၈ ခုနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအထူးအရေပြားဌာနသို့ အထူးကု ဆရာဝန်အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် JICA ပံ့ပိုးမှုဖြင့် ဂျပန်နိုင်ငံတွင် အနာကြီးရောဂါကုသရေးလုပ်ငန်းများအပါအဝင် Juntendo University School of Medicine နှင့် Kumamoto University School of Medicine တက္ကသိုလ် များ၌ အရေပြားပညာများ ထပ်မံဆည်းပူးခွင့်ရရှိခဲ့သည်။

ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ပထမဆုံးချီးမြှင့်သော အရေပြားပညာ မဟာသိပ္ပံဘွဲ့ (M.Med.Sc, Dermatology) ကို ၂၀၀၃ ခုနှစ်တွင် ရရှိခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် လက်ရှိဌာန၌ အထူးကုဆရာဝန်ကြီး (Senior Consultant Specialist) အဖြစ် ရာထူး တိုးမြှင့်ခြင်း ခံရပါသည်။ ယခုအခါ ဆေးကုသရေး၊ စာသင်ကြားရေးလုပ်ငန်းများအပြင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)နှင့်လည်းကောင်း၊ WHO နှင့်လည်းကောင်း၊ ဂျပန်နိုင်ငံရှိ သုတေသနဌာနများနှင့်လည်းကောင်း ပူးပေါင်း၍ အနာကြီးရောဂါဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်း မြို့နှင့် ၂၀၀၉ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ကျင်းပသော အနာကြီးရောဂါဆေးယဉ်ပါးမှု ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများသို့လည်း တက်ရောက်ဆွေးနွေးခဲ့ပါသည်။

***အဖြစ်များတဲ့ အရေပြားပြဿနာများ*** စာအုပ်အမှတ်(၁) ကို ၂၀၀၇ ခုနှစ်၊ စာအုပ် အမှတ်(၂)ကို ၂၀၀၈ ခုနှစ်တို့တွင် ရှင်မတောင်စာပေမှ ထုတ်ဝေဖြန့်ချိခဲ့သည်။ ၂၀၁၁ ခုနှစ် တွင် အလင်းဖြူစာပေမှ ဆယ်ကျော်သက်များအတွက် ***အလှအပနှင့် အသားအရေ ဖြူဖြင့် ထိန်းသိမ်းနည်းလမ်းညွှန်***စာအုပ်ကို ဆွေဆွေမျိုးနိုင်(ဆေးဝါးတက္ကသိုလ်)နှင့် ပူးတွဲရေးသား၍ ထုတ်ဝေခဲ့ပါသည်။ ၎င်းအပြင် အရေပြားပြဿနာများနှင့်ပတ်သက်၍ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များတွင် ကျန်းမာရေးပညာပေးဆောင်းပါးများ ရေးသားလျက်ရှိပါသည်။

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဗီတာမင် E သုံးမယ်ဆိုရင် | ၁ |
| ၂။ | အသားဖြူစေဖို့ လိမ်းဆေးများ | ၇ |
| ၃။ | အသားဖြူစေသည့် လိမ်းဆေးများ | ၁၃ |
| ၄။ | ပြီးပြည့်စုံတဲ့ အလှပိုင်ရှင် | ၁၉ |
| ၅။ | မျက်နှာပေါ်က အဖြူကွက်များ | ၂၅ |
| ၆။ | မျက်နှာအကျည်းတန် ထိုဝက်ခြံ | ၃၁ |
| ၇။ | ဝက်ခြံသမား | ၃၅ |
| ၈။ | ဝက်ခြံအမာရွတ် | ၄၁ |
| ၉။ | အလှဖျက်တဲ့ တင်းတိပ် | ၄၉ |
| ၁၀။ | ပါးရေတွန့်ခြင်း | ၅၃ |
| ၁၁။ | သက်ကြီးမှဲ့ သို့မဟုတ် ဇရာအိုမှဲ့ခြောက် | ၅၉ |
| ၁၂။ | မှဲ့ဆိုသည်မှာ ၁ | ၆၃ |
| ၁၃။ | မှဲ့ဆိုသည်မှာ ၂ | ၆၉ |
| ၁၄။ | ဆံကေသာပြဿနာ | ၇၅ |
| ၁၅။ | ကျန်းမာသန်စွမ်းတဲ့ ဆံပင်လှပစေရန် | ၈၁ |
| ၁၆။ | ဆံပင်ဆေးဆိုးခြင်း | ၈၇ |
| ၁၇။ | ဆံပင်ဖြူခြင်း | ၉၁ |
| ၁၈။ | လက်သည်းနှင့် ကျန်းမာရေး ၁ | ၉၅ |
| ၁၉။ | လက်သည်းနှင့် ကျန်းမာရေး ၂ | ၁၀၁ |
| ၂၀။ | ချွေးထွက်လွန်ခြင်း | ၁၀၇ |
| ၂၁။ | ချိုင်းချွေးနံ့ | ၁၁၃ |